# အကူးအပြောင်း- ကောင်းမွန်စွာ ကျောင်းစတက်ခြင်း

## မိသားစုများအတွက် အချက်အလက် စာရွက်

**ကျောင်းစတက်ခြင်းသည် စိန်ခေါ်မှုများသလို စိတ်လှုပ်ရှားဖွယ်လည်း ကောင်းနိုင်ပါသည်။ ဤအချက်အလက် စာရွက်သည် သင့်ကလေး၏ မူကြိုဝန်ဆောင်မှုက သင့်ကလေး ကောင်းမွန်စွာ ကျောင်းစတက်နိုင်ရန် မည်သို့ပံ့ပိုးမည့်အကြောင်း ရှင်းပြပါမည်။**

သင့်ကလေးသည် အောက်ပါတို့ကဲ့သို့ အကူးအပြောင်းများစွာကို တွေ့ကြုံပြီးဖြစ်သည်-

- လှုပ်ရှားမှု သို့မဟုတ် အစီအစဉ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းခြင်း
- အတူကစားရန် ချိန်းဆိုခြင်း သို့မဟုတ် အားလပ်ရက်ခရီးထွက်ခြင်း
- နေ့ကလေးထိန်းကျောင်း သို့မဟုတ် သူငယ်တန်း စတက်ခြင်း။

ဤအတွေ့အကြုံများက နေရာအသစ်များနှင့် အရာဝတ္ထုအသစ်များကို သင့်ကလေး မည်သို့ တုံ့ပြန်ကြောင်းနှင့် သင့်ကလေးအတွက် မည်သည့် ပံ့ပိုးမှု လိုအပ်ကြောင်း သင့်အား အကြံဉာဏ်ရစေသည်။

### ကောင်းမွန်စွာ ကျောင်းစတက်ခြင်းသည် ဘာကြောင့် အရေးကြီးသလဲ။

ကောင်းမွန်စွာ ကျောင်းစတက်ခြင်းသည် သင့်ကလေးအား အောက်ပါတို့အတွက် အထောက်အကူပြုသည်-

- ပိုမိုကောင်းမွန်သော သင်ယူခြင်းနှင့် ကျန်းမာပျော်ရွှင်ရေး ရလဒ်များကို ရရှိရန်
- ၎င်းတို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အနှောင့်အယှက်များ မဖြစ်အောင်တားဆီးရန်
- လုံခြုံခြင်း၊ ယုံကြည်မှုရှိခြင်းနှင့် ချိတ်ဆက်မှုရှိခြင်းကို ခံစားမိစေရန်။

### သင့်ကလေးအား ကျောင်းအပ်ခြင်း

ကျောင်းအများစုသည် ကလေးများ ကျောင်းစမတက်မီ စာသင်နှစ်၏ မေလတွင် ကျောင်းအပ်စတင်လက်ခံသည်။ ကျောင်းအပ်ခြင်းဖြင့် သင်သည် ကျောင်းအကြောင်း ပိုမိုသိလာပြီး ကျောင်း အကူးအပြောင်းလုပ်ခြင်း လုပ်ဆောင်ချက်များတွင် ပါဝင်နိုင်ရန် အခွင့်အရေးများ ပိုမိုရရှိပါမည်။ ဤလုပ်ဆောင်ချက်များကို စာသင်နှစ်အဆုံး မတိုင်မီ လုံလောက်စွာ ကြိုတင်၍ စထားပြီး ပထမဆုံးကျောင်းတက်ရက်အနည်းငယ်အပြီးတွင် ဆက်လက်လုပ်ဆောင်သောအခါ ကလေးများသည် အကူးအပြောင်းကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်သည်။

### ကျောင်း အကူးအပြောင်း အစီအစဉ်များနှင့် လုပ်ဆောင်ချက်များ

ကျောင်းအကူးအပြောင်း လုပ်ဆောင်ချက်များသည် သင်နှင့် သင့်ကလေးကို အောက်ပါတို့တွင် ကူညီနိုင်သည်-

- ကျောင်းတက်ခြင်း၏ သဘောတရားကို နားလည်ရန်
- အခြားကလေးများ၊ မိသားစုများနှင့် မိတ်ဆွေဖွဲ့ရန်။

### အကူးအပြောင်း သင်ယူရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကြေညာချက်

သင့်ကလေး၏ မူကြိုဆရာသည် အကူးအပြောင်း သင်ယူရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကြေညာချက်တစ်စောင် (အကူးအပြောင်း ကြေညာချက်တစ်စောင်ဟုခေါ်သည်) ကို ရေးသားပါမည်။ အကူးအပြောင်း ကြေညာချက်သည် သင့်ကလေး၏ ကျောင်းနှင့် အတတ်သင် ဆရာအား သင့်ကလေးအကြောင်း သိလာစေရန်နှင့် ၎င်းတို့၏ သင်ယူမှုအတွက် ပြင်ဆင်ရန် အထောက်အကူပြုသည်။ အကူးအပြောင်း ကြေညာချက်တွင် အောက်ပါတို့ ပါဝင်မည်-

- သင့်ကလေး၏ အမည်၊ မွေးနေ့နှင့် ဓာတ်ပုံ

- သင့်အမည်နှင့် ဆက်သွယ်ရန် အသေးစိတ်များ
- သင့်ကလေးအား ပံ့ပိုးနေသော မူကြိုဝန်ဆောင်မှုနှင့် အခြား မူကြိုဆရာများ၏ အမည်နှင့် ဆက်သွယ်ရန် အသေးစိတ်များ
- သင့်ကလေး၏ စိတ်ဝင်စားမှုများ၊ ကျွမ်းကျင်မှုများနှင့် စွမ်းရည်များအကြောင်း အချက်အလက်
- သင့်ကလေးအတွက် အကောင်းဆုံး သင်ကြားရေး နည်းဗျူဟာများ။

သင့်ကလေးသည် ကျောင်းချိန်ပြင်ပ စောင့်ရှောက်မှု (OSHC) သို့သွားလျှင် အကူးအပြောင်း ကြေညာချက်ကို OSHC ဝန်ဆောင်မှုနှင့်လည်း မျှဝေပါသည်။

သင့်ကလေး၏ ဖြည့်ပြီးသော အကူးအပြောင်း ကြေညာချက် မိတ္တူတစ်စောင်ကို သင့်အား ပေးပါမည်။ ၎င်းသည် သင့်ကလေး၏ သင်ယူမှုကို နားလည်ရန်၊ ပံ့ပိုးရန်နှင့် ဆွေးနွေးရန် သင့်အား အထောက်အကူပြုပါမည်။

သင့်ကလေး၏ အကူးအပြောင်း ကြေညာချက်သည် အောက်ပါတို့အတွက် အထောက်အကူပြုသည်-

- သင့်ကလေး၏ စိတ်ဝင်စားမှုများအတွက် ပြင်ဆင်ရန်
- သင့်ကလေးအား မူကြိုဝန်ဆောင်မှုမှ ကျောင်းသို့ ချောမွေ့စွာ ကူးပြောင်းနိုင်ရေး ကူညီရန်။

အကူးအပြောင်း ကြေညာချက်များကို များသောအားဖြင့် စာသင်နှစ်အပိုင်းအခြား 4 တွင် ရေးလေ့ရှိသည်။ သို့သော် သင့်ကလေးတွင် မသန်စွမ်းဖြစ်မှု သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ နောက်ကျမှု ရှိပါက အကူးအပြောင်း ကြေညာချက်ကို ပိုစော၍ ဇွန်လ သို့မဟုတ် ဇူလိုင်လတွင် ရေးနိုင်ပါသည်။ ဤသို့ပြုလုပ်ခြင်းသည် သင့်ကလေး၏ လိုအပ်ချက်များအတွက် ပိုမိုကူညီနိုင်ရန် စတင်ပြင်ဆင်ရာတွင် သင်နှင့် ကျောင်းအား အထောက်အကူပြုပါသည်။

အကူးအပြောင်း ကြေညာချက်တွင် သင်ဖြည့်ရမည့် အပိုင်းတစ်ပိုင်း ပါဝင်သည်။ သင်သည် သင့်ကလေးအကြောင်း အလွန်ကောင်းစွာ သိနားလည်သောကြောင့် သင့်ဖြည့်စွက်မှုသည် အဖိုးတန်ပါသည်။ ၎င်းသည် သင်နှင့် သင့်ကလေးအတွက် ကောင်းမွန်စွာ ကျောင်းစတက်နိုင်ရန် စီစဉ်ရာတွင် ကျောင်းအား အထောက်အကူပြုပါသည်။

သင့်ကလေးက သင် သို့မဟုတ် ၎င်း၏ မူကြိုဆရာထံမှ အကူအညီယူပြီး ဖြည့်ရမည့် အပိုင်းတစ်ခုလည်း ရှိပါသည်။ ထိုအပိုင်းတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- ပုံတစ်ပုံ
- သင့်ကလေးက ကျောင်းနှင့်ပတ်သက်ပြီး သိချင်သော အကြောင်းအရာ
- သင့်ကလေးက ကျောင်းစတက်ခြင်းကို မည်သို့ မြင်ကြောင်း။

## အချက်အလက် မျှဝေပုံ

အကူးအပြောင်း ကြေညာချက်များကို Insight Assessment Platform အသုံးပြု၍ အွန်လိုင်းတွင် မျှဝေပြီး သိမ်းဆည်းသည်။ Insight Assessment Platform ရှိ အချက်အလက်များကို ဩစတြေးလျနိုင်ငံတွင် လုံခြုံစွာ သိမ်းဆည်းထားသည်။

ဗစ်တိုးရီးယားပြည်နယ် အစိုးရကျောင်းအားလုံး (နှင့် အချို့သော ကက်သလစ်နှင့် တစ်သီးပုဂ္ဂလကျောင်းများ) သည် ကလေးတစ်ဦးစီ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မှတ်တမ်းတင်ရန် Insight Assessment Platform ကို အသုံးပြုသည်။ သင့်ကလေး၏ ကျောင်းသည် Insight Assessment Platform ကို အသုံးမပြုပါက ၎င်းတို့အား အကူးအပြောင်း ကြေညာချက်ကို စာရွက် သို့မဟုတ် အီလက်ထရောနစ် မိတ္တူတစ်စောင် ပေးပါမည်။

ပညာရေးနှင့် လေ့ကျင့်ရေးဌာနသည် တစ်ခါတစ်ရံ ပြင်ပ ဝန်ဆောင်မှုပေးသူများကို အသုံးပြုသည်။ ဌာနအတွက် အလုပ်လုပ်သော ဝန်ဆောင်မှုပေးသူများသည် ဒေတာ လုံခြုံရေး လုပ်ဆောင်ချက်များကို အသုံးပြုရမည်။ Insight Assessment Platform သည် ဌာန၏ **အချက်အလက်ဆိုင်ရာ ကိုယ်ရေးလုံခြုံမှု မူဝါဒ** www.education.vic.gov.au/Pages/privacypolicy ကို လိုက်နာသည်။

ဌာနသည် စောင့်ကြည့်ထိန်းချုပ်ရေးနှင့် သုတေသနအတွက် အကူးအပြောင်း ကြေညာချက်များမှ အချက်အလက်ကို အသုံးပြုနိုင်သည်။ ဤအချက်အလက်ကို ကိန်းဂဏန်းများနှင့် ဂရပ်များဖြင့် တင်ပြမည်ဖြစ်ပြီး ကလေးများကို အမည်ဖော်ပြမည် **မဟုတ်ပါ**။

EARLY CHILDHOOD

Insight Assessment Platform အကြောင်း နောက်ထပ် အချက်အလက်များအတွက် ဌာနထံ psts@edumail.vic.gov.au သို့ ဆက်သွယ်ပါ။

တစ်ခါတစ်ရံ ဗစ်တိုးရီးယားပြည်နယ်ရှိ ပညာရေးနှင့် စောင့်ရှောက်ရေး ပညာရှင်များသည် ကလေးတစ်ဦး၏ ကျန်းမာပျော်ရွှင်ရေး သို့မဟုတ် ဘေးကင်းရေးကို မြှင့်တင်ရန်အတွက် အချက်အလက် မျှဝေရန် လိုအပ်သည်။ သင့်မူကြိုပညာရေးဝန်ဆောင်မှုသည် ၎င်း၏ စောင့်ရှောက်မှု တာဝန်၊ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး၊ အလုပ်ခွင်တွင်း ကျန်းမာရေးနှင့် ဘေးကင်းရေးနှင့် ကလေး ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းရေး တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် သင့်ကလေးနှင့် မိသားစုအကြောင်း အချက်အလက်ကို လိုအပ်သလို မျှဝေပါမည်။ နောက်ထပ် အချက်အလက်များအတွက် https://www.vic.gov.au/information-sharing-schemes-and-the-maram-framework ကို ဝင်ကြည့်ပါ။

## နောက်ထပ် အချက်အလက်များအတွက်

www.education.vic.gov.au/transitiontoschool ကို ဝင်ကြည့်ပါ။

ဤစာရွက်စာတမ်းကို www.education.vic.gov.au/transitiontoschool တွင် ဘာသာစကား အမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။